


unicef

သရုပ်ဖော်ပန်းချီ.... ဆရာစောတင်မောင်

Australian Aid
DANIDA
EUROPEAN UNION
NORWEGIAN EMBASSY
UKaid
unicef
unite for children

## ကျေးဇူးတင်ရှိခြင်း

ဤစာအုပ်သည် လူငယ်များအတွက် ဘဝတွက်တာအခြေခံကျွမ်းကျင်မှုများရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန်ရည်ရွယ်ပါသည်။ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပညာတန်ဆောင်အဖွဲ့နှင့် UNICEFတို့ ပူးတွဲအကောင်အထည်ဖော်လျက်ရှိသည့် ရပ်ရွာအခြေပြု ကျောင်းပြင်ပရောက်ကလေးများအတွက် စဉ်ဆက်မပြတ်တိုးချဲ့ပညာသင်ယူခြင်းအစီအစဉ်(EXCEL)တွင်ပါဝင်သော ကလေးများကိုယ်တိုင်ပါဝင်ပြီး Mr. Greg Carl (ဘဝတွက်တာအခြေခံကျွမ်းကျင်မှုပညာပေးခြင်း အစီအစဉ် အတိုင်ပင်ခံပုဂ္ဂိုလ်)၏ ဦးဆောင်မှု၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကရုဏာမြန်မာလူမှုရေး အသင်း၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ သီရိမေအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးသမအသင်း၊ တီးတိန်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကျောင်းပြင်ပ မူလတန်းပညာရေးစသည်တို့မှ ပံ့ပိုးကူညီမှုဖြင့်ဖန်တီးထုတ်လုပ်ထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက်ပါဝင်ခဲ့ကြသော ဇာတ်လမ်းပြုစုသူများဖြစ်ကြသည့် မပဟီးမိုး (ဒီမောဆိုး)၊ မောင်ဖရီးရယ်(ဒီမောဆိုး)၊ မောင်ဂျပ်စတင်းငယ်ငယ်(ဒီမောဆိုး)၊ မဖြူအောင် (သထုံ)၊ မမီးပု(သထုံ)၊ မောင်ထွန်းအောင်ကျော်(သထုံ)၊ မရီရီဝင်း(လှိုင်သာယာ)၊ မောင်သန်းဇော် (လှိုင်သာယာ)၊ မောင်ဝင်းကိုကိုထွန်း(လှိုင်သာယာ)၊ မောင်မျိုးဇင်နိုင်(လှိုင်သာယာ)၊ မောင်မျိုးဝင်းအောင် (လှိုင်သာယာ)၊ မောင်ဇေယျာလင်း(ကော့မှူး)၊ မခင်စောမူ(ကော့မှူး)၊ မနိုင်သဇင်မိုး(ကော့မှူး)၊ နန့်ဥမ္မာထွေး(မြောင်းမြ)၊ နော်အယ်ဒိုလား (မြောင်းမြ)နှင့် ဆရာ ဦးအောင်ကျော်ကျော်တို့အား ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် ဤစာအုပ်ပြုစုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတွင်လည်းကောင်း၊ ကွင်းဆင်းစမ်းသပ်မှုပြုလုပ်ရာတွင်လည်းကောင်း၊ ပါဝင်ကူညီပေးခဲ့သည့် ပညာတန်ဆောင်အဖွဲ့ဝင်များ၊ NGO အဖွဲ့ဝင်များ၊ EXCELအဖွဲ့ဝင်များ၊ မြို့နယ်ကြီးကြပ်ရေးမှူးများ၊ ရပ်ရွာအဆင့်ကူညီပံ့ပိုးသူများနှင့် ကျောင်းပြင်ပကလေးများအားလုံးတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## အမှာစာ

ဒီစာအုပ်မှာ လူငယ်လူရွယ်တွေ ကြုံတွေ့ရလေ့ရှိတဲ့အကြောင်းအရာများ၊ အခက်အခဲများ၊ ဖြေရှင်းပုံများကို ဖတ်လမ်းဖြစ်အောင် ပြုစုထားပါတယ်။ ဒီစာအုပ်ကိုဖတ်ပြီး နောက်ဆက်တွဲမေးခွန်းတွေကိုဖြေကြည့်ခြင်း၊ လူငယ်အချင်းချင်း စုပေါင်းဆွေးနွေးခြင်းများ ပြုလုပ်ကြဖို့လည်း မေတ္တာရပ်ခံပါတယ်။

လူငယ်များ ဘဝတွက်တာသိမှတ်စရာတွေ တိုးတက်လာအောင် ဖတ်လမ်းကိုသေသေချာချာဖတ်ပါ။ နောက်ဆက်တွဲမေးခွန်းတွေကို ဖြေကြည့်ပါ။ သိရှိလာတဲ့ အသိပညာ၊ သတင်းအချက်အလက်တွေကို နေ့စဉ်ဘဝမှာ ပြန်လည်ပြီးလက်တွေ့အသုံးပြုပါ။

အခက်အခဲပြဿနာတွေကို လူငယ်တို့ရင်ဆိုင်ဖြေရှင်းနိုင်စေဖို့ ဒီစာအုပ်က ဘဝလမ်းညွှန်အဖြစ်အကူအညီပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

အသက် ၁၅ နှစ်အရွယ် သစ်သီးရောင်းတဲ့အာကာနဲ့ ၁၄ နှစ်အရွယ် ဟင်းသီးဟင်းရွက်ရောင်းတဲ့ ကလျာတို့ဟာ တစ်ရပ်ကွက်တည်းနေကြသူတွေဖြစ်ကြတယ်။



နေ့စဉ် မနက် ၄ နာရီခန့်၊ သဘော်ဆိပ်မှာ သစ်သီး၊ ဟင်းသီးဟင်းရွက်ဖောက်သည်ယူဖို့ နေ့စဉ်အတူလာကြရာက သံယောဇဉ်ဖြစ်ခဲ့ပြီး ချစ်သူဘဝရောက်ခဲ့ကြတယ်။

မိုးရာသီတစ်မနက်။ မြို့အစွန် တိုးချဲ့ရပ်ကွက်ကနေ မြို့တွင်းသင်္ဘောဆိပ်ကိုလာတုန်း...ရုတ်တရက် မိုးရွာချလိုက်လို့ နှစ်ဦးသားမိုးခိုနားစရာရှာရင်း သစ်ပင်တစ်ပင်အောက်မှာရှိတဲ့ တဲထဲကို ဝင်ရောက်လိုက်ကြရတယ်။



မိုးကလည်းမှောင်၊ သည်းကလည်းသည်း၊ ချမ်းကလည်း
ချမ်းလာတာမို့ မိန်းကလေးသဘာဝ ကြောက်စိတ်ဖြစ်ပေါ်လာပြီး
ချစ်သူရဲ့လက်ကို ဆုပ်ကိုင်ထားမိတယ်။





အာကာကလည်း သနားကရုဏာစိတ်နဲ့ ရင်ခွင်ထဲမှာပွေ့ဖက်ထားလိုက်တယ်။
နှစ်ဦးသား စိတ်လှုပ်ရှားလာကြတယ်။ အာကာက ကလျာကိုနမ်းတော့
ကလျာကလည်းကျေနပ်မိပြီး ပတ်ဝန်းကျင်တစ်ခုလုံးကိုမေ့လျော့သွားကြတယ်။

အဲဒီအချိန်မှာ ကလျာက ရုတ်တရက်သတိဝင်လာပြီး "ဒို့နှစ်ယောက် ချစ်သူဖြစ်တာတော့ဟုတ်တယ်၊ ဒါပေမယ့် လွန်လွန်ကျူးကျူးမဖြစ်သင့်သေးဘူး"လို့ ပြောလိုက်တယ်။




ငါတို့အရွယ်မှာ ကိုယ်ဝန်ရသွားရင် ကလေးပျက်ကျနိုင်သလို ငါလည်းသေနိုင်တယ်လို့ ငါ့ကို သားဖွားဆရာမက ပြောဖူးတယ်၊ မျိုးပွားအင်္ဂါတွေကလည်း အဆင်သင့်မဖြစ်သေးဘူးလေ၊
ကိုယ်ဝန်ဆောင်ဖို့ အန္တရာယ်များလွန်းတယ်၊ ငါသေသွားရင် နင်တစ်ယောက်တည်းနေသွားနိုင်မလား၊ ဒါ့ကြောင့် အရွယ်ရောက်ပြီး အစစအရာရာ ပြည့်စုံတဲ့အထိ ငါတို့စောင့်ကြရအောင်နော်။


အဲဒီတော့မှ အာကာက ချစ်ရတဲ့ကလျာရဲ့ ဆယ်ကျော်သက်ဘဝကို နားလည်သွားတယ်။


သူ့ရဲ့ဆန္ဒတွေကိုလည်း ကြိုးစားပြီးထိန်းသိမ်းလိုက်တယ်။


မိုးက စဲသွားသလို လင်းကြက်တွန်သံတောင် ကြားလာရပြီ။ အရှေ့အရပ်ဆီကအရုဏ်ဦးလင်းရောင်နီလည်း တဖြည်းဖြည်းချင်း ထွက်လာခဲ့ပြီ။

ချစ်သူနှစ်ဦးလည်း ကုန်စိမ်းသွားကြိုဖို့ သင်္ဘောဆိပ်ဆီ ဆင်းသွားခဲ့ကြတယ်။
ငယ်ရွယ်သူနှစ်ဦးရဲ့မှန်ကန်တဲ့ဆုံးဖြတ်ချက်ကြောင့် ချစ်သူနှစ်ဦးအနေနဲ့
သာယာလှပတဲ့အနာဂတ်ဘဝကို ပိုင်ဆိုင်နိုင်မှာ မလွဲပါဘူး။



# ဒို့တတွေ ငယ်ပါသေးတယ်

၁။ ကိုယ်ဝန်ရှိခြင်းက မိဘတို့ရဲ့နေ့စဉ်လုပ်ငန်းခွင်ကိုဘာအကျိုးဆက်တွေဖြစ်ပေါ်စေသလဲ။

၂။ ကလေးကိုပြုစုစောင့်ရှောက်နေတဲ့အတွက်နေ့စဉ်လုပ်ငန်းတွေမှာဘာပြောင်းလဲမှုတွေဖြစ်ပေါ်သလဲ။

၃။ ကလေးရှိတဲ့အတွက်အလုပ်မှာဘယ်လိုအကျိုးဆက်တွေဖြစ်သလဲ။

၄။ ကလေးရှိတဲ့အတွက်မိသားစုရဲ့အနာဂတ်မျှော်လင့်ချက်တွေမှာဘယ်လိုအကျိုးဆက်တွေဖြစ်သလဲ။

၅။ မိသားစုငွေကြေးပံ့ပိုးမှုအတွက်မိဘတွေက ဘာတာဝန်တွေယူရမလဲ။

# ကျောင်းပြင်ပကလေးများ ကိုယ်တိုင်ပြုစုထားသော စာအုပ်များ

